
2 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၄)

## သေဒဏ်ချမှတ်ခံထားရသူများ

### သေဒဏ်ချမှတ်ခံထားရသည့် အရေအတွက်





စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုဝင်ဘာ ၂၅ ရက်အထိ သေဒဏ်ချမှတ်ခံရသူ စုစုပေါင်း ၈၆ ဦးအထိ ရှိပါသည်။ ၎င်းတို့အနက် ၄၇ ဦးမှာ ဖမ်းဆီးချုပ်နှောင်ခံရပြီးနောက် သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကာ၊ ၃၉ ဦးသည် မျက်ကွယ်သေဒဏ် ချမှတ်ခံခဲ့ရပါသည်။ သေဒဏ်ချမှတ်ခံရသူ အားလုံးသည် ရန်ကုန်တိုင်းအတွင်း စစ်အုပ်ချုပ်ရေးကြေညာထားသော မြို့နယ်များမှဖြစ်ပြီး၊ ဖမ်းဆီးခံရပြီးသည့်နောက် စစ်ခုံရုံးများတွင် ရာဇသတ်ကြီး ပုဒ်မ ၃၄၊ ပုဒ်မ ၁၁၄၊ ပုဒ်မ ၃၀၂၊ ပုဒ်မ ၃၉၆၊ ပုဒ်မ ၃၉၇ အစရှိသည်တို့ဖြင့် အမှုဖွင့် စစ်ဆေးစီရင်ခံခဲ့ရသူများ ဖြစ်ပါသည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၄)

## သေဒဏ်ချမှတ်ခံထားရသူများ

■ **မြို့နယ်အလိုက် သေဒဏ်ချမှတ်ခံထားရသည့် အရေအတွက်**





သေဒဏ် ချမှတ်ခံထားရသူများအနက် ၃၅ ဦးသည် မြောက်ဥက္ကလာပမြို့နယ်တွင် ဖြစ်က၊ ၂၄ ဦးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဖြစ်သည်။ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ၁၅ ဦး၊ လှိုင်သာယာမြို့နယ်တွင် ခုနစ်ဦးနှင့် ရွှေပြည်သာမြို့နယ်တွင် ငါးဦး သေဒဏ်ချမှတ်ခံထားရသည်။ ရန်ကုန်တိုင်းတွင် စစ်အုပ်ချုပ်ရေးအမိန့် ကြေညာထားသည့် မြို့နယ်ခြောက်ခုရှိသည့်အနက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မှလွဲ၍ ကျန်မြို့နယ်များရှိ စစ်ခုံရုံးများတွင် သေဒဏ်စီရင်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ယခုပုံပြကားချပ်သည် AFP သတင်းဌာနက ၂၀၂၁ ခုနှစ် မတ် ၁၉ ရက်တွင် ရေးဆွဲခဲ့သော Martial Law in Yangon graphic အား မှီငြမ်း၍ မြို့နယ်အလိုက် သေဒဏ်ချမှတ်ခံရသူ အရေအတွက်များကို ISP-Myanmar က ဖြည့်စွက်ထားခြင်းဖြစ်သည်။

2 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၄)
## သေဒဏ်ချမှတ်ခံထားရသူများ

### သေဒဏ်ချမှတ်ခံရသော ကျား/မ အရေအတွက်




သေဒဏ် ချမှတ်ခံထားရသူများအနက် ၇၉ ဦးသည် အမျိုးသားများဖြစ်ပြီး ခုနစ်ဦးမှာ အမျိုးသမီးများဖြစ်ပါသည်။ စစ်ကောင်စီ သတင်းစာများတွင် ဖော်ပြထားသော မှတ်တမ်းဓာတ်ပုံများအရ သေဒဏ်ချမှတ်ခံထားရသူများမှာ လူငယ်အများစုဖြစ်နေသည်ကိုတွေ့ရှိရသည်။ သေဒဏ်ချမှတ်ခံခဲ့ရသူအားလုံး၏ အသက်အတိအကျကို မသိရှိရသေးပါ။ ၂၀၂၁ ခုနှစ် မေ ၂၄ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် သေဒဏ်ချမှတ်ခံခဲ့ရသူ ၁၈ ဦးအနက် ၁၁ ဦး၏ အသက်အပိုင်းအခြားကို သိရှိခဲ့ရပါသည်။ အဆိုပါ ၁၁ ဦးထဲတွင် အသက် ၄၀ နှစ်အရွယ် တဦး၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အကြား လူငယ် ရှစ်ဦး၊ အသက် ၁၇ နှစ်နှင့် အသက် ၁၅ နှစ်အရွယ် အသက်မပြည့်သေးသူနှစ်ဦးလည်း ပါခဲ့သည်။

မှတ်ချက် - ဖော်ပြပါအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၄)

## သေဒဏ်ချမှတ်ခံထားရသူများ

### သေဒဏ်ချမှတ်ရာ၌ အသုံးပြုခဲ့သော ရာဇသတ်ကြီးပုဒ်မများ

**ပုဒ်မ ၃၄**
အကြံတူတခုကို အထမြောက်စေခြင်းငှာ တဦးထက်ပိုသောသူများက ပြုခြင်း။

**ပုဒ်မ ၁၁၄**
ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသူကိုယ်တိုင် ရှိနေခြင်း။

**ပုဒ်မ ၃၀၂(၁)(ခ)**
လူသတ်မှုအတွက်ပြစ်ဒဏ်။ (တင်ကူးကြံရွယ်ချက်)

**ပုဒ်မ ၃၀၂(၁)(ဂ)**
လူသတ်မှုအတွက်ပြစ်ဒဏ်။ (ရာဇသတ်ကြီးအရ ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သောပြစ်မှုကို ကျူးလွန်နေစဉ် လူသတ်မှုကို ကျူးလွန်လျှင်)

**ပုဒ်မ ၃၉၆**
လူသတ်မှုပါသော ဓါးပြမှု။

**ပုဒ်မ ၃၉၇**
သေစေရန်ဖြစ်စေ၊ အပြင်းအထန်နာကျင်စေရန်ဖြစ်စေ အားထုတ်မှုပါသော လုယက်မှု၊ သို့တည်းမဟုတ် ဓါးပြမှု။

**ပုဒ်မ ၄၃၆**
အိမ် အစရှိသည်တို့ကို ဖျက်ဆီးရန် ကြံရွယ်၍၊ မီးဖြင့်၊ သို့တည်းမဟုတ် ပေါက်ကွဲတတ်သည့်အရာဖြင့် အကျိုးဖျက်ဆီးမှု

စစ်ကောင်စီ၏ စစ်ခုံရုံးများက သေဒဏ်ချမှတ်ခဲ့ရာတွင် အသုံးပြုခဲ့သော ပုဒ်မများနှင့် ရာဇသတ်ကြီးဥပဒေပါ ပုဒ်မဖွင့်ဆိုချက်များ ဖြစ်ပါသည်။ အနီးစပ်ဆုံးအနေဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၅ ရက်ထုတ် စစ်ကောင်စီသတင်းစာများ၌ ဖော်ပြထားချက်အရ **သေဒဏ်ချမှတ်ခဲ့သူ ၂၁ ဦးကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ ဖြင့် အမိန့်ချခဲ့သည်**ဟု ဆိုပါသည်။ ထို့အပြင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ အမိန့်ကြေညာစာအမှတ် (၂/၂၀၂၁)အရ **အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀(က)နှင့် ပုဒ်မ ၅၀(ဈ)တို့ဖြင့် ၂၉ ဦးကို ထောင်ဒဏ်တသက် အမိန့်ချခဲ့သည်**ဟုဆိုသည်။ ထိုသို့ အမိန့်ချမှတ်ခံရသူများသည် ဒလန်ဟု စွပ်စွဲပြောဆို သတ်ဖြတ်ခြင်းများတွင် ပါဝင်သူများ၊ အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများအား သေနတ်ဖြင့်ပစ်ခတ် ဝိုင်းဝန်းလုပ်ကြံခြင်းများ၊ အုပ်ချုပ်ရေးမှူးရုံးများအား ဖောက်ခွဲဖျက်ဆီးခြင်းတို့ လုပ်ခဲ့သည်ဟု စစ်ကောင်စီက ပြောဆိုထားသည်။ ထိုပြောဆိုချက်များသည် စစ်ကောင်စီ၏ ထုတ်ပြန်မှုသာဖြစ်ပြီး လွတ်လပ်သော အဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက် မရှိပါ။